# မြန်မာ့ စီးပွားရေးဘဏ် နှင့် မြန်မာ့ ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း တို့ကို နိုင်ငံတကာမှ ပူးပေါင်း၍ အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ရန် မြန်မာ ပြည်တွင်း နှင့် နိုင်ငံတကာ အဖွဲ့အစည်း ၂၄၀မှ တိုက်တွန်း တောင်းဆိုကြောင်း ပူးတွဲ ထုတ်ပြန်ချက်။

**ဇူလိုင် ၁၅၊ ၂၀၂၄ ခုနှစ်။**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းရန် ကြိုးစားချိန်မှ စ၍ မြန်မာ စစ်အုပ်စုသည် **အရပ်သား ပြည်သူ ၅,၀၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး** ပဋိပက္ခများနှင့် စစ်အုပ်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ပြည်သူ ၃ သန်းကျော်သည် နေရပ်အိုးအိမ် စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ "ခေါင်းဖြတ်ခြင်း၊ ညနက်သန်းခေါင် ဒရုန်းဖြင့် တိုက်ခိုက်ခြင်း၊ လူအများ အိပ်စက် နေချိန် အိမ်များကို မီးတင်ရှို့ခြင်း၊ စသည့် ဆိုးရွားသော စစ်နည်းဗျူဟာများကို အသုံးပြုနေသည့် အကြောင်းများကို ကျွန်ုပ်တို့ ကြားနေရပါသည်။ အသက်ဘေးအတွက် ပြေးလွှားနေရသည့် ပြည်သူများကိုလည်း သေနတ်များဖြင့် ပစ်ခတ်သည်" ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး ဖော်ကာတုခ် က လူ့အခွင့်အရေး ကောင်စီကို ပြီးခဲ့သည့်လက ပြောကြားခဲ့သည်။ စစ်အုပ်စုသည် အရပ်သားပြည်သူကို ပစ်မှတ်ထားသော လေကြောင်း တိုက်ခိုက်မှုများကို တိုးမြှင့် ပြုလုပ်လာသည်။

အာဏာသိမ်းရန် ကြိုးစားချိန်ကတည်းက စစ်အုပ်စုသည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် နိုင်ငံပိုင်ဘဏ်များ၊ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ မှ ဝင်ငွေများ ကို အသုံးပြုပြီး လက်နက်များနှင့် လေယာဉ်ဆီ ဝယ်ယူနိုင်ခြင်း စသည့် နိုင်ငံတကာမှ ဘဏ္ဍာရေး စနစ်များကို အသုံးပြုခွင့် ရရှိနေခြင်းသည် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကို ငွေကြေးအရ ထောက်ပံ့နေခြင်းပင် ဖြစ်သည်။

EU သည် မြန်မာ့ ရေနံနှင့် သဘာဝ ဓါတ်ငွေ့လုပ်ငန်း (MOGE) အား ဖေဖော်ဝါရီ ၂၁ ရက်တွင် ပိတ်ဆို့အရေးယူမှု ပြုလုပ်ခဲ့ကာ အနည်းဆုံး ကန်ဒေါ်လာ သန်း ၅၀၀ ဖိုးခန့် ဖြတ်တောက်ခဲ့သော်လည်း တရုတ်နိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မှုကား မရပ်တန့်ခဲ့ ပေ။ အမေရိကန်သည်လည်း MOGE နှင့် PTT Group ကို တစိတ်တပိုင်း ပိတ်ဆို့အရေးယူထားသော်ငြား ထိုင်းအစိုးရပိုင် ရှယ်ကြွင်း လောင်စာလုပ်ငန်းစုသည် မြန်မာစစ်အုပ်စု ထိန်းချုပ်ထားသော MOGE အကောင့်များထဲသို့ လစဉ် သဘာဝဓာတ်ငွေ့ ဝင်ငွေ သန်းဆယ်ချီကို ဆက်လက်ပေးဆောင်နေဆဲ ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသည် နိုင်ငံပိုင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) ကို ဒဏ်ခတ်ပိတ်ဆို့အရေးယူရန် မြန်မာ အရပ်ဘက် အဖွဲ့အစည်းများထံမှ တောင်းဆိုချက်များကို နောက်ပိုင်းတွင် သတိပြုမိလာခဲ့သည်။ အဆိုပါ ဘဏ်များကို အရေးယူ ပိတ်ဆို့မှုများ သည် ရှေ့ဆက်တိုးနိုင်မည့် ခြေလှမ်းတရပ်ဖြစ်သော်လည်း စစ်အုပ်စုက မြန်မာ့စီးပွားရေးဘဏ် (MEB) နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (MADB) သို့ ပြောင်းလဲ အသုံးပြုသွားနိုင်ချေများ ရှိလာပေသည်။ EU နှင့် UK တို့သည် အဆိုပါဘဏ်များကို ပိတ်ဆို့အရေးယူရန် ပျက်ကွက်ခဲ့သော်လည်း ကနေဒါနှင့် ဩစတြေးလျတို့က MFTB နှင့် MICB တို့ကိုသာ ဒဏ်ခတ်ပိတ်ဆို့ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာတွင် လက်နက်နှင့် စစ်ဘက်ဆိုင်ရာ အထောက်အပံ့များအပါအဝင် စစ်ဘက်ဆိုင်ရာ ဝယ်ယူရေးကိစ္စများကို ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသော ဘဏ္ဍာရေးအဖွဲ့အစည်းများကို ဖော်ထုတ်ခြင်းနှင့် ဓာတ်ငွေ့ဝင်ငွေ၏ ဆက်တိုက် အရေးပါမှုကို အတည်ပြုပြီး မြန်မာနိုင်ငံသို့ မည်သို့ ဝင်ရောက်ရှိနေပုံကို ပိုမိုရှင်းလင်းစွာ ထုတ်ဖော်ခဲ့သည်။

ကုလအထူးကိုယ်စားလှယ်၏ အစီရင်ခံစာတွင် အချက်နှစ်ချက်ကို ဖော်ပြထားသေးသည်။ ပထမတချက်အနေဖြင့် နိုင်ငံတကာ၏ အရေးယူ ဆောင်ရွက်ချက်များသည် စစ်အုပ်စုများ၏ ထောက်ပံ့ရေးကွင်းဆက်များကို ထိထိရောက်ရောက် နှောင့်ယှက် နိုင်သည်။ စစ်အုပ်စု ၏ ဘဏ္ဍာရေးနှစ် ၂၀၂၂ မှ ၂၀၂၃ အထိ စစ်ဘက်ဆိုင်ရာ ဝယ်ယူမှုမှာ ၃၃% ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပြီး စင်္ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများနှင့် စင်ကာပူ ဘဏ်များမှ ပံ့ပိုးပေးသော စစ်ဘက်ဆိုင်ရာ ထောက်ပံ့မှု ပမာဏ မှာလည်း သိသိသာသာ ကျဆင်းသွားသည်ကို ပြသသည်။

သို့သော်လည်း စစ်အုပ်စုသည် ပိတ်ဆို့အရေးယူမှုများအကြား ယိုပေါက်များကို အသုံးပြုကာ ၎င်းတို့လုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် လမ်းဖွင့်ထားသော နိုင်ငံများသို့ ပြောင်းရွှေ့ဝယ်ယူနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အထူးသဖြင့်

- စင်ကာပူဘဏ်များ အနေဖြင့် စစ်အုပ်စုနှင့် ၎င်းတို့၏ ပတ်သက်မှုကို ဖြတ်တောက်သည်နှင့် တပြိုင်နက် ထိုင်းဘဏ်များ က ထိုကွက်လပ်ကို အစားထိုးဖြည့်ဆည်းလာခဲ့သည်။ အထူးသဖြင့် “Siam Commercial Bank သည် ၂၀၂၂ ဘဏ္ဍာနှစ်တွင် မြန်မာစစ်တပ်၏ ဝယ်ယူမှုများနှင့်ပတ်သက်သည့် ငွေလွှဲပြောင်းမှုကို အမေရိကန်ဒေါ်လာ ၅ သန်းကျော်သာ လုပ်ဆောင်ခဲ့သော်လည်း ၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်အထိ ရောက်ရှိခဲ့သည်။”

- မြန်မာစီးပွားရေးဘဏ် (MEB) သည် စစ်လက်နက်များဝယ်ယူရေးအတွက် နိုင်ငံတကာ ငွေကြေး ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန် စစ်အုပ်စုအတွက် အဓိကဆောင်ရွက်ပေးသည့် လမ်းကြောင်းဖြစ်လာသည်။

- ၂၀၂၃ ခုနှစ်တွင် ထိုင်းကုမ္ပဏီများသည် ထိုင်းဘဏ်များကို အသုံးပြုလျက် အမေရိကန်ဒေါ်လာ သန်း ၈၀ တန်ဖိုးရှိ လေယာဉ်ဆီများကို ရောင်းချပေးခဲ့သည်။ စစ်အုပ်စုသည် ထိုလေယာဉ်ဆီများဖြင့် မြန်မာပြည်သူလူထုကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် အသုံးပြုနိုင်သည်။

- ထိုင်းဘဏ်များမှတဆင့် မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) သို့ စီးဝင်နေသော PTT အုပ်စုမှ ဓာတ်ငွေ့ ဝင်ငွေများသည် စစ်အုပ်စု၏ တခုတည်းသော အကြီးမားဆုံး ဘဏ္ဍာရင်းမြစ်ဖြစ်သည်။

ကုလအထူးကိုယ်စားလှယ်၏ မကြာသေးခင်က ထုတ်ပြန်သော ထုတ်ပြန်ချက်နှင့် စင်ကာပူအစိုးရ၏ ဆက်တိုက် ဖိအားပေးမှုများကို တုံ့ပြန်သည့်အနေဖြင့် စင်ကာပူဘဏ်များသည် စစ်အုပ်စု နှင့် ပတ်သက်မှုကို သိသာစွာ ဖြတ်တောက်ခဲ့သည်။ ကုလအထူးကိုယ်စားလှယ်သည် ထိုကွက်လပ်ကို ထိုင်းဘဏ်များအနေဖြင့် ဝင်ရောက်နေရာယူလာပုံ ကိုလည်း ထုတ်ဖော်ပြောဆိုထားသည်။

အာဆီယံသည် ၎င်း၏ အလုပ်မဖြစ်သော ဘုံသဘောတူညီချက် (၅) ချက်နှင့် အမည်ခံ မစွက်ဖက်ရေးမူကို ဆက်လက်ဆုပ်ကိုင်ထားစဉ် ထိုင်းနိုင်ငံအနေဖြင့် PTT နှင့် ထိုင်းဘဏ်များကို စစ်အုပ်စုအား ငွေကြေးထောက်ပံ့မှုများကို ခွင့်ပြုထားသည်။ ထို့အပြင် ထိုင်းဘဏ်များနှင့် ကုမ္ပဏီများသည် စစ်အုပ်စုကို စစ်လက်နက်နှင့် လေယာဉ်ဆီများ ရရှိအောင် လုပ်ဆောင်ပေးနေသည်ကို ထိုင်းအစိုးရအနေဖြင့် ခွင့်ပြုထားသည်။ နိုင်ငံတကာ အစုအဖွဲ့ အနေဖြင့် အရေးယူပိတ်ဆို့မှုများ တိုးမြှင့်လုပ်ဆောင်နေစဉ်တွင် ကြီးမားသောလစ်ဟာမှုများ ဆက်လက်ကျန်နေသေးသည်။

ကုလအထူးကိုယ်စားလှယ်၏ လမ်းညွှန်အကြံပြုချက်များကို လိုက်နာလုပ်ဆောင်ရန် **နိုင်ငံတကာအစုအဖွဲ့များကို ကျွန်ုပ်တို့ တောင်းဆိုသည်။** အထူးသဖြင့် စစ်အုပ်စု ထိန်းချုပ်ထားသော နိုင်ငံပိုင်ဘဏ်များ၊ ဓာတ်ငွေ့ကဏ္ဍနှင့် လေယာဉ်ဆီတို့ကို ညှိနှိုင်း ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ရန်ဖြစ်သည်။ အမေရိကန် အစိုးရအနေဖြင့် **မြန်မာ့စီးပွားရေးဘဏ် (MEB) နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) တို့ကို ချက်ချင်း အရေးယူဆောင်ရွက်မှုများပြုလုပ်ရမည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကို အပြည့်အဝ အရေးယူပိတ်ဆို့ရမည်။**

ကုလလုံခြုံရေး ကောင်စီ၊ ယူကေနှင့် ဥရောပသမဂ္ဂ အပါအဝင် အဖွဲ့ဝင်နိုင်ငံ တနိုင်ငံချင်းအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB), မြန်မာ့ရင်းနှီးမြှုပ်နှံမှု နှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB), မြန်မာ့စီးပွားရေးဘဏ် (MEB) နှင့် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB)တို့အား အရေးယူ ပိတ်ဆို့မှုပြုလုပ်ခြင်းနှင့် ဥရောပသမဂ္ဂ၏ MOGE အား အရေးယူပိတ်ဆို့မှု ဦးဆောင်မှုနောက်သို့ လိုက်ပါလုပ်ဆောင်စေလိုပါသည်။

PTT အုပ်စုနှင့် ထိုင်းဘဏ်များ၏ မြန်မာစစ်အုပ်စုကို ကျောထောက်နောက်ခံပြုထားပေးမှုကို ခွင့်ပြုထားသည့် ထိုင်းအစိုးရ မူဝါဒကို **အာဆီယံအဖွဲ့ဝင်နိုင်ငံများက ကိုင်တွယ်ဖြေရှင်းရန် ကျွန်ုပ်တို့ တောင်းဆိုသည်။**

**ထိုင်းအစိုးရအနေဖြင့်** စစ်အုပ်စု၏ နိုင်ငံတကာ ငွေကြေးဝန်ဆောင်မှုများနှင့် ဓာတ်ငွေ့ခွန်များ ရယူနေမှုကို ဖြတ်တောက်ခြင်းဖြင့် အရေးယူပိတ်ဆို့မှုများကို ပံ့ပိုးပေးရန် တောင်းဆိုသည်။ ထို့အပြင် ထိုင်းအစိုးရ အနေဖြင့် ထိုင်းဘဏ်များက စစ်အုပ်စု၏ လက်နက်နှင့် လေယာဉ်ဆီဝယ်ယူမှုများကို အကူအညီမပေးစေရန် လုပ်ဆောင်ခြင်းဖြင့် စင်ကာပူ၏ ဦးဆောင်မှု အတိုင်း သွားပေးပါရန် တောင်းဆိုသည်။

စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်ချက် စည်းမျဉ်းများကို လိုက်နာပြီး မြန်မာစစ်အုပ်စုကို အထောက်အပံ့ ပေးနေသည့် ငွေကြေး လွှဲပြောင်းမှုအားလုံးကို ရပ်တန့်ရန် **ထိုင်းဘဏ်များကို တောင်းဆိုသည်။**

မြန်မာ လူမှုအသိုင်းအဝိုင်း အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသား ညီညွတ်ရေး အစိုးရနှင့် ထိုင်းရှေ့သို့ချီပါတီ၏ တောင်းဆိုမှုများနှင့်အညီ လူ့အခွင့်အရေးချိုးဖောက်မှုများကို အားပေးအားမြှောက်ပြုလုပ်နေမှုကို ရပ်တန့်ရန်နှင့် ဓာတ်ငွေ့ ငွေကြေးများ ကို စစ်အုပ်စု ထံလွှဲပြောင်းမှုများ ဆက်လက်မလုပ်ဆောင်ရန် **PTT အုပ်စုကို တောင်းဆိုသည်။**

**PTT တွင် ရင်းနှီးမြှုပ်နှံထားသူများ အနေဖြင့်လည်း** Norwegian Sovereign Wealth Fund နှင့် Robeco တို့၏ ဦးဆောင်မှု နောက်သို့ လိုက်ပါရန်နှင့် မြန်မာပြည်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်နေသည့် PTT အုပ်စုမှ ထွက်ခွာရန် ကျွန်ုပ်တို့အနေဖြင့် တောင်းဆိုသည်။

## ဆက်သွယ်ရန်

Captain Mulan, Blood Money Campaign, info@bmcmyanmar.com

Naw Aung, Defend Myanmar Democracy, communication@defendmyanmardemocracy.org

Khin Ohmar, Progressive Voice, info@progressive-voice.org

Memee, Milk Tea Alliance Thailand, Nitchakarn.rak@gmail.com

ETOs, Extra-Territorial Obligation Watch, etoswatch@gmail.com

Cornelius Hanung, Asian Forum for Human Rights and Development, communication@forum-asia.org

**မြန်မာနှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၂၄၀ က ယခု ပူးတွဲ ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး** ယင်းတို့ထဲမှ ၆၃ဖွဲ့က စစ်အုပ်စု၏ ပြည်တွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အမည်များကို မထုတ်ဖော်ရန် ဆုံးဖြတ်သည်။

1. #MilkTeaAlliance Friends of Myanmar
2. #MilkTeaAllianceCalendar team
3. A NEW BURMA
4. Action Committee for Democracy Development (ACDD)
5. Action Group for Democracy and Human Rights (AGDHR)
6. Ah Nah Podcast - conversations with Myanmar
7. All Arakan Students' & Youths' Congress (AASYC)
8. Alliance for democracy in Myanmar (ADM)
9. ALTSEAN - Burma
10. Anti Dictatorship in Burma - DMVPa
11. Anti-Junta Mass Movement (AJMM)
12. Arakan Rohingya Development Association - Australia Inc.
13. Arakan Rohingya Union (ARU)
14. Arakan Watch
15. Arakan Youth Peace Network
16. Asian Forum for Human Rights and Development (FORUM-ASIA)
17. Association of Human Rights Watch and Documentation
18. Association Suisse-Birmanie (ASB)
19. Athan - Freedom of Expression Activist Organization
20. Ayeyarwaddy West Development Organisation AWDO (Magway)
21. Ayeyarwaddy West Development Organisation AWDO (Nagphe)
22. Blood Money Campaign

23. Boston Free Burma
24. Burma Action Ireland
25. Burma Büro
26. Burma Campaign UK
27. Burma Civil War Museum (BCM)
28. Burma Human Rights Network (BHRN)
29. Burma Support
30. Burmese Canadian Network (BCN)
31. Burmese Rohingya Association in Japan (BRAJ)
32. Burmese Rohingya Organisation UK (BROUK)
33. Campaign for a New Myanmar
34. Canadian Burma Ethnic Nationalities Organization (CBENO)
35. Chin Farmer Network (C.F.N)
36. Civic Voice Communications (CVC)
37. Coalition of Rohingya Organisations in Malaysia
38. CRPH & NUG Supporters Ireland
39. CRPH Funding Ireland
40. CRPH Support Group, Norway
41. Dawkalu Network
42. Defend Myanmar Democracy
43. Democracy Movement Strike Committee (Dawei)
44. Democracy, Peace and Women's Organization
45. Doh Atu - Ensemble pour le Myanmar
46. Dome Commoners Party, Thammasat University
47. Dragon Dawn
48. EarthRights International
49. Educational Initiatives Prague
50. Elected Yangon City Development Committee
51. Equality Myanmar
52. European Rohingya Council (ERC)
53. Extra-Territorial Obligations Watch Coalition (ETOs Watch Coalition)
54. Former ABSDF
55. Fortify Rights
56. Free Rohingya Coalition (FRC)

57. Freedom and Labor Action Group (FLAG)
58. Friends Against Dictatorship (FAD)
59. From Singapore to Myanmar (FS2M)
60. Future Light အမျိုးသမီးနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့
61. Future Thanlwin
62. General Strike Committee of Nationalities (GSCN)
63. General Strike Coordination Body (GSCB)
    1 Anti-Coup Forces Coordination Committee (ACFCC -Mandalay)
    2 General Strike Collaboration Committee (GSCC)
    3 Myanmar Labor Alliance (MLA)
    4 Mandalay Strike Force (MSF)
      Samgha Sammaga-Mandalay
      Mandalay Alliance Coalition Strike
      Mya Taung Strike
      Mandalar University Students' Strike
      Chanmyatharzi Township People's Strike
      Maharaungmyay Township People's Strike
      Mandalay Youth Strike
      No.12 Basic Education Branch High School ( Maharaungmyay) Students' Union
      Co-operative University Mandalay Students' Strike
      Mandalay-based People's Strike
      Multi-Religions Strike
      Myanmar Institute of Information Technology Students' Strike
      Daung Sitthe Strike
      Seinpann Strike
      Industries Strike
    5 Mandalay-Based University Students’ Unions (MDY_SUs)
    6 Yadanabon University Students’ Union ( YDNBUSU)
    7 Ethnic Youth General Strike Committee (Mandalay)
    8 Mandalay Medical Family (MFM)
    9 White Coat Society Yangon (WCSY)
    10 CDM Medical Network (CDMMN)
    11 Alliance of Students' Union – Yangon (ASU-Yangon)
    12 Civil Information Network (CIN)
    13 Anti-Junta Alliance Yangon-AJAY
    14 University Students’ Unions Alumni Force
    15 Monywa People's Strike Steering Committee
      All Burma Federation of Student Unions (Monywa District)

Network of University Student Unions – Monywa
National League for Democracy (Monywa Township)
The 88 Generation Peace and Open Society (Monywa)
Thakhin Kodaw Mhine Peace Network (Monywa)
Former Political Prisoners and New Generation Group – Monywa
Civil Society Organizations Coordination Committee (Monywa)

16 Monywa-Amyint Road Strike Leading Committee
17 Yinmarpin and Salingyi All Villages Strike Committee
18 Pale Township People's Strike Steering Committee
19 Depayin Township Revolution Steering Committee
20 Latpadaung Region Strike Committee
21 Wetlet Revolution Leading Committee
22 Kachin Student Union
23 Coalition Strike Committee – Dawei
24 Dawei Youths Revolutionary Movement Strike Committee
25 Kalay Township Strike Committee
26 Magway People's Revolution Committee
27 Myingyan Civillian Movement Committee
28 Kyain Seikgyi Spring Revolution Leading Committee
29 General Strike Committee of Basic and Higher Education (GSCBHE)

Basic Education Worker Unions - Steering Committee (BEWU-SC)
Representative Committee of University Teacher Associations (RC of UTAs)
Basic Education General Strike Committee (BEGSC)

30 Action Committee of Basic Education Students (ACBES)
31 Women Alliance Burma (WAB)

Mandalay Women Strike
Yangon Women Strike
Monywa Women Strike
Monywa-Amyint Road Women Strike
Chindwin (West) Villages Women Strike
Kalay Women Strike
Depayin Women Strike
Taze Women Strike
Dawei ( Ashaetaw) Women Strike
Gangaw Women Strike
Thayat Chaung Women Strike
Wetlet Twonship Women Strike

32 LGBT Alliance

LGBT Union – Mandalay

Monywa LGBT Strike

LGBT Community Yangon

LGBT Alliance Myanmar (Kalay Region)

LGBT Alliance Myanmar (Kyaukse Region)

33 Pyi Gyi Tagon Strike Force

34 All Aung Myay Thar San Schools Strike Force

35 Twitter Team for Revolution (TTFR)

36 A-Yar-Taw People Strike

37 Chaung Oo Township Youth Strike Committee

38 Myaung Youth Network

39 5/ of Zaya State  Strike

40 Shwe Pan Kone People`s Strike Steering Committee

41 MayMyo Strike Force

42 Taze Strike Commitee

43 Yasakyo Township People`s Strike Steering Committee

44 Dhobama (2021 Generation)

64. Generation Wave (GW)
65. German Solidarity with Myanmar
66. Global Myanmar Spring Revolution (GMSR)
67. History Carrier (HC)
68. Human Rights Foundation of Monland
69. Inclusive Development International
70. India for Myanmar
71. Info Birmanie
72. International Association, Myanmar-Switzerland (IAMS)
73. International Campaign for the Rohingya
74. Iron Adventure Force
75. Justice & Equality Focus (JEF)
76. Justice For Myanmar
77. Justice Movement for Community - Innlay
78. Kachin National Youth Network
79. Kachin Women Network (KWN)
80. Karen Environmental and Social Action Network (KESAN)
81. Karen Peace Support Network
82. Karen Rivers Watch
83. Karenni Humanitarian Aid Initiative (KHAI)
84. Karenni Social Welfare & Development Center (KSWDC)
85. Kayah Li Phu Youth (KLY)

86. Kayan New Generation Youth (KNGY)
87. Kayan Rescue Committee (KRC)
88. Kyae Lak Myay
89. Kyauktada Strike Committee (KSC)
90. League for Democracy Burma (Japan)
91. Let's Help Each Other
92. Magway Region Human Rights Network (MHRN)
93. Mata စစ်ကိုင်းတိုင်း
94. Milk Tea Alliance Thailand
95. Min Hla Farmers Group
96. Minbu Farmers Group
97. Muslims of Myanmar Multi-ethnic Consultative Committee (MMMCC)
98. Mya Yar Knowledge Tree (Civil Society Organization)
99. Myanmar Action Group Denmark
100. Myanmar Cultural Research Society (MCRS)
101. Myanmar Ethnic Rohingya Human Rights Organization in Malaysia (MERHROM)
102. Myanmar Hindu Union
103. Myanmar Muslim Revolution Force (MMRF)
104. Myanmar Tourism Committee
105. National Alliance Bangkok
106. Network for Human Rights Documentation - Burma (ND-Burma)
107. New Myanmar Foundation (NMF)
108. New Power Generation
109. New Rehmonnya Federated Force (NRFF)
110. New York Burmese Community
111. NLD International Network
112. NLD-OC (International) Norway Branch
113. NOK Information & Scout Echo
114. North Dagon & East Dagon News
115. Nyan Lyann Thit Analytica
116. OCTOPUS (Youth Organization)
117. OKYG Karen youth group
118. Open Development Foundation (ODF)
119. Overseas Irrawaddy Association -OIA
120. People Defense and Supporting Force
121. People Goal
122. People's Hope Spring Revolution (PHSR)
123. Political Prisoners Network -Myanmar (PPNM)
124. Progressive Muslim Youth Association (PMYA)

125. Progressive Voice (PV)
126. Purple Window Counselling
127. Pwint Phyu Development Organisation
128. Rainbows in the Storm - မုန်တိုင်းကြားက သက်တံများ
129. Rights for Women Welfare Society (RWWS)
130. Rohingya Action Ireland
131. Rohingya Arakanese Refugee Committee, Malaysia
132. Rohingya Canadian Community
133. Rohingya Community in Japan (RCJ)
134. Rohingya Organisation Norway (RON)
135. Rohingya Society in Malaysia
136. Rohingya Women Development Network
137. Rohingya Youth Development Forum, Arakan - Burma
138. Save and Care Organization for Ethnic Women at Border Areas
139. Save Myanmar
140. Shan Woman's Action Network (SWAN)
141. Shizuyouth for Myanmar
142. Sisters2Sisters
143. Sitt Nyein Pann Foundation
144. Skills For Humanity-SFH (S4H)
145. Southern Monitor
146. Southern Revolution Support
147. Southern Youth Development Organization
148. Spring Revolution Myanmar Muslim Community (SRMMC)
149. Suan Kip Phawng
150. Support Group for Democracy in Myanmar (Netherlands)
151. Supporting Brothers - ထောက်ပို့ညီနောင်
152. SYNERGY Social Harmony Organization
153. Tamar Institute of Development
154. Technological Teachers' Federation (TTF)
155. THAI for Palestine
156. Thammasat University Student Union
157. The Ladies Organization
158. The Mekong Butterfly
159. Thint Myat Lo Thu Myar Organization
160. United Front of Thammasat and Demonstration
161. Volunteers in Myanmar

162. Wellington Myanmar Community

163. Women Advocacy Coalition- Myanmar

164. Women Lead Resource Center (WLRC)

165. Women’s Peace Network

166. Women's League of Burma (WLB)

    1 Burmese Women's Union (BWU)
    2 Kachin Women's Association Thailand (KWAT)
    3 Karenni National Women's Organization (KNWO)
    4 Karen Women's Organization (KWO)
    5 Kayan Women’s Organization (KyWO)
    6 Women's for Justice (WJ)
    7 Lahu Women's Organization (LWO)
    8 Pa-O Women's Union (PWU)
    9 Shan Women's Action Network (SWAN)
    10 Ta'ang Women's Organization (TWO)
    11 Tavoyan Women's Union (TWU)
    12 Kuki Women's Human Rights Organization (KWHRO)

167. Yangon Deaf Group

168. Yangon Medical Network

169. Youth Empowerment (YE)

170. Zomi Christian Fellowship of Norway

171. ဒို့မြေကွန်ရက် (LIOH)

172. ပွင့်ဖြူလယ်ယာမြေကွန်ရက်

173. မြင်းမူလူငယ်ကွန်ယက်

174. မြန်မာမွတ်ဆလင်မ်အစည်းအရုံး BMA

175. ရောင်နီသစ်ဆီတက်လှမ်းချီ

176. သောင်ရင်းသတင်းလွှာ

177. အညာလွင်ပြင်ရပ်ဝန်း